# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၇ ) ရက်နေ့။

ပင်လောင်းမြို့နယ် ဆောင်းပြောင်းကျေးရွာအနီး ညနေ (၃း၃၀) နာရီခန့်တွင် ကလောမြို့မှ ဖယ်ခုံမြို့ဘက်သို့ အင်အားဖြည့်တင်းရန် ဆင်းလာသော အကြမ်းဖက်စစ်ကောင်စီ ယာဉ်တန်းကို KNDF ဖယ်ခုံတပ်ရင်းမှ တိုက်ခိုက်ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် စစ်ယဉ်တန်းကား( ၄၅) စီးဖြင့် တိုက်ပွဲဖြစ်ပွားခဲ့သော ကရင်နီပြည် ဒီးမော့ဆိုမြို့ဘက်သို့ စစ်အင်အားဖြည့်တင်းရန် ထွက်လာသည်ဟုယူဆရပါသည်။ ထိုတိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဘက်မှ အနည်းဆုံး (၂၀) ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၄င်းယာဉ်တန်းများမှာ တိုက်ပွဲဖြစ်ပွားရာနေရာမှ ဖယ်ခုံမြို့ဘက်သို့ ဆက်လက်ထွက်လာရန်ကြိုးစားလျက်ရှိပါသည်။

ထို့အပြင် ဖယ်ခုံမြို့နယ် နှင့် မိုးဗြဲအခြေစိုက် အကြမ်းဖက်စစ်ကောင်စီတပ်ရင်းများမှ လက်နက်ကြီးများဖြင့် မြို့နှင့်ကျေးရွာများသို့ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်လျက်ရှိပြီး ပြည်သူအချို့ လက်နက်ကြီးထိမှန် ဒဏ်ရာရရှိမှုများရှိခဲ့ပါသည်။ ထို့အပြင် ဖယ်ခုံမြို့နယ် ခေါင်းအိကျေးရွာဖက်သို့လည်း လက်နက်ကြီးများဖြင့် အကြမ်းဖက်စစ်ကောင်စီ တပ်များမှ ရမ်းတမ်းပစ်ခတ်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ။ 09 755884041